ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၉) ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ ။ ၂-၅

၂။ ဘယ်လ်ဂျီယံနိုင်ငံနှင့်ဥရောပသမဂ္ဂတို့အကြား တရားရုံး၏ကြီးကြပ်မှုဖြင့်သဘော်များရောင်းချခြင်းဆိုင်ရာကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခြင်း။ ၆-၇

၃။ စက်ပစ္စည်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်းနှင့်ရန်ပုံငွေလွှဲပြောင်းခြင်းတို့ဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့် သတင်းစဉ်။ ၈-၉

၄။ ဆိုက်ဘာမှုခင်းများကျူးလွန်ရာတွင် ဉာဏ်ရည်တုနည်းပညာ AI အသုံးပြုခြင်းအပေါ် FBI သတိပေးချက်ထုတ်ပြန်ခြင်း။ ၁၀-၁၁

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၉) ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မကွေးတိုင်းဒေသကြီး၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရ စီမံကိန်းဥပဒေ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် အမိန့်ထုတ်ပြန်နိုင်ခွင့်အပ်နှင်းခြင်း အမိန့်ကြော်ငြာစာ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်သည့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွားစက်တပ်ရေယာဉ်များနှင့်စက်မဲ့တွဲများ၏လုပ်ငန်းလိုင်စင်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၁.၄.၂၀၂၄ရက်နေ့တွင်အမိန့်ကြော်ငြာစာ

အမှတ်(၃/၂၀၂၄)ဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွားစက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကိုထုတ်ပြန်ခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၇-၁-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဤအမိန့်ကြော်ငြာစာတွင် စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်များ အတွက် ကုန်စည်ပို့ဆောင်ခွင့် "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးမှာ တစ်နှစ်လျှင် လုံးပေါင်း တန်ချိန် (၁၀) တန်အထိ ၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၂၅) တန်အထိ ၂၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၅၀)တန်အထိ ၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း သတ်မှတ်ခဲ့ပြီး ခရီးသည်ပို့ဆောင်ခွင့် "ခ"အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြု သည့် ခရီးသည်အရေအတွက်အရ ခရီးသည်တစ်ဦးလျှင် ၁၅၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ စင်းလုံးငှားခရီးသည်ပို့ဆောင်ခွင့် "ဂ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "ခ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၇၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုး အစားလုပ်ငန်း လိုင်စင်ကြေးကို "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း သတ်မှတ်ထားပါသည်။

စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ကုန်တင်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ကုန်တင်ရေယာဉ်များအတွက် ကုန်စည်ပို့ဆောင်ခွင့် "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးမှာ တစ်နှစ်လျှင် လုံးပေါင်းတန်ချိန် (၁၀) တန်အထိ ၂၅၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၂၅)တန်အထိ ၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၅၀) တန်အထိ ၁၀၀၀၀ကျပ် နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၇၅) တန်အထိ ၁၂၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၁၀၀) တန်အထိ ၁၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၂၀၀) တန်အထိ ၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုံးပေါင်းတန်ချိန် (၂၀၀)တန်အထက် ၁၀၀ကျပ်နှုန်း ဖြင့်လည်းကောင်း သတ်မှတ်ခဲ့ပြီး စင်းလုံးငှားပို့ဆောင်ခွင့် "ဂ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

ကို "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး၏ ၇၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပဋိညာဉ်အရ သယ်ယူပို့ဆောင်ခွင့် "ဃ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး နှုန်းဖြင့်လည်းကောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း သတ်မှတ်ထားပါသည်။

စက်မြင်းကောင်ရေ ၂၀ အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင်ရေယာဉ်များ၏ "ခ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြုသည့် ခရီးသည်အရေအတွက်အရ ခရီးရှည်ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် ၂၀၀ ကျပ်နှုန်း၊ ခရီးတို ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် ၁၅၀ ကျပ်နှုန်းဖြင့် သတ်မှတ်ထားပြီး ကုန်တင်တွဲတွန်းနှင့် ကုန်တင်တွဲဆွဲရေယာဉ်များ၊ စက်မဲ့ရေနံတင်နှင့် စက်မဲ့ကုန်တင်တွဲများအတွက်လည်း တန်ချိန်အလိုက် လိုင်စင်ကြေးနှုန်းများ သတ်မှတ်ထားပါသည်။

ထို့ပြင် လုပ်ငန်းလိုင်စင်ပုံစံကြေး၊ ရက်လွန်ဒဏ်ကြေးနှင့် အခြားသတ်မှတ်ချက်များအနေဖြင့် စက်တပ် ရေယာဉ်နှင့် စက်မဲ့တွဲတစ်စီးချင်းအလိုက် အပိုင်း (၁) လိုင်စင်ပုံစံကြေး ၂၀၀၀ ကျပ်၊ အပိုင်း (၂) လိုင်စင်ပုံစံကြေး ၁၀၀၀ ကျပ်၊ စက်မြင်းကောင်ရေ ၂၀ အောက် ရေယာဉ်များ၏ လိုင်စင်ပုံစံကြေး ၁၀၀၀ ကျပ်၊ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီး (၄၅)ရက် ကျော်လွန်ပြီး လုပ်ငန်းလိုင်စင်လျှောက်ထားပါက သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၅၀ ရာခိုင်နှုန်းကို ဒဏ်ကြေး အဖြစ်လည်းကောင်း၊ စက်တပ်ရေယာဉ်နှင့် စက်မဲ့တွဲများ၏လုပ်ငန်း လိုင်စင်သက်တမ်းတိုးရန် သတ်မှတ်ရက်ထက်ကျော်လွန်လျှင် တစ်လချင်းစီအတွက် သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၂၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ်လည်းကောင်း၊ "စ" ယာယီလက်မှတ် တစ်ကြိမ်ထုတ်ပေးလျှင် ၅၀၀၀ ကျပ်၊ တစ်လ မပြည့်သောရက်များကို တစ်လဟူ၍ အသီးသီး သတ်မှတ်ထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများနှင့်စပ်လျဉ်း၍ လေ့လာလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက် လေ့လာဖတ်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဘယ်လ်ဂျီယံနိုင်ငံနှင့်ဥရောပသမဂ္ဂတို့အကြား တရားရုံး၏ကြီးကြပ်မှုဖြင့်သင်္ဘောများရောင်းချခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခြင်း

ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် တရားရုံး၏ကြီးကြပ်မှုဖြင့် သင်္ဘောများရောင်းချခြင်းဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on the international Effects of Judicial Sale of Ships)ကို ၂၀၂၄ ခုနှစ် မတ်လ ၁၄ ရက်တွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

ထိုကွန်ဗင်းရှင်းကို နိုင်ငံတကာကုန်သွယ်မှုဥပဒေဆိုင်ရာကုလသမဂ္ဂကော်မရှင်(UNCITRAL)က ပြင်ဆင်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်မှာ နိုင်ငံတကာရေကြောင်းခရီးစဉ်များတွင်သင်္ဘောများကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာလုံခြုံမှုကို အာမခံပေးခြင်းအားဖြင့် သင်္ဘောသည် ဈေးကွက်တွင် ရရှိနိုင်သောဈေးနှုန်းနှင့်ငွေချေးသူများအကြားခွဲဝေရန် ရရှိနိုင်သောငွေကြေးများကို အများဆုံးရရှိစေရန်နှင့် နိုင်ငံတကာကုန်သွယ်ရေးကို မြှင့်တင်ရန်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ကွန်ဗင်းရှင်း အပိုဒ် ၁၈(၁)တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြင့် ဖွဲ့စည်းထားပြီး ကွန်ဗင်းရှင်းက ထိန်းချုပ်ထားသည့်ကိစ္စရပ်အချို့နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ရှိသည့်ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအဖွဲ့အစည်းတစ်ခုက လက်မှတ်ရေးထိုးနိုင်သည်ဟုဖော်ပြထားရာ ယင်းအပိုဒ်အရ ဘယ်လ်ဂျီယံနိုင်ငံသည် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသည် ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသော ၁၈ နိုင်ငံမြောက်ဖြစ်ပါသည်။

ဤကွန်ဗင်းရှင်းကို နိုင်ငံများနှင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအဖွဲ့အစည်းများက လက်မှတ်ရေးထိုးရန်၊ အတည်ပြုရန်၊ ပါဝင်ရန် သို့မဟုတ် အတည်ပြုပါဝင်ခြင်းအတွက် လမ်းဖွင့်ထားဆဲဖြစ်ကြောင်းတွေ့ရှိရပြီး ၎င်းသည် တတိယအကြိမ်မြောက် အတည်ပြုခြင်း၊ လက်ခံခြင်း၊ ခွင့်ပြုခြင်း

သို့မဟုတ် ဝင်ရောက်ခွင့်ပြုခြင်းဆိုင်ရာလက်မှတ်များ တင်သွင်းသည့်နေ့မှစ၍ရက်ပေါင်း ၁၈၀အကြာတွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် စွန့်ပစ်သင်္ဘောများကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ၁၉၀၈ခုနှစ်ဆိပ်ကမ်းများအက်ဥပဒေ ၁၀(၁)အရသင်္ဘောများကို ဖယ်ရှားရှင်းလင်းခြင်း(ကမ်းထိုးခြင်း)၊ လုပ်ငန်းဆောင်ရွက်ပြီးရရန်ရှိသည့် အခွန်အခများနှင့် ကမ်းထိုးခြင်းအတွက် ကုန်ကျစရိတ်များကို တောင်းဆိုနိုင်မည်ဖြစ်ပြီး ပိုင်ရှင်က ပြန်လည်ဆက်သွယ်လာခြင်းမရှိလျှင် သင်္ဘောအလံတင်နိုင်ငံသို့အကြောင်းကြား၍ ကုန်ကျစရိတ်နှင့် အခွန်အခများကို ပြန်လည်ရရှိနိုင်ရေးအတွက် ယင်းအက်ဥပဒေပုဒ်မ ၁၁ အရ သင်္ဘောအား လေလံတင်ရောင်းချခြင်းကိုဆောင်ရွက်နိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

<u>ကိုးကားချက်</u>

[Belgium and the European Union sign the “Beijing Convention on the Judicial Sale of Ships” (unvienna.org)]

[၁၉၀၈ ဆိပ်ကမ်းများအက်ဥပဒေ]

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၉) ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်

## စက်ပစ္စည်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်နှင့် စပ်လျဉ်းသည့် သတင်းစဉ်

စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ အနေဖြင့် စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရန် စက်ပစ္စည်းအတွက် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်း၊ စက်ပစ္စည်းဝယ်ယူရန် ရန်ပုံငွေမလုံလောက်ခြင်းနှင့် မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စရပ်များကြောင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့တင်ပြရာတွင် တစ်ပြေးညီ ဖြစ်စေရန် ညွှန်ကြားချက်အမှတ် ၁/၂၀၂၄ ဖြင့် စက်ပစ္စည်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ လျာထားခြင်း၊ဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းတို့ဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက် ကို ၉-၅-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ကြောင်း သိရှိရသည်။

ဤညွှန်ကြားချက်တွင် အခန်း(၇)ခန်းပါရှိပြီး ရန်ပုံငွေလျာထားခြင်းနှင့်စပ်လျဉ်း၍ စက်ပစ္စည်း အသုံးစရိတ်ရန်ပုံငွေလျာထားရာတွင် ညွှန်ကြားချက်နောက်ဆက်တွဲများပါ SA-1001 ပုံစံ (နောက်ဆက်တွဲ - က) နှင့် SA-2001 ပုံစံ (နောက်ဆက်တွဲ-ခ) တို့၌ လျာထားလိုသည့်စက်ပစ္စည်း စာရင်းကို ညွှန်ကြားချက်အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ပါခေါင်းစဉ်များအတိုင်းဖြည့်စွက်၍ လျာထား ရန်ဖြစ်ကြောင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ (အစိုးရဌာန၊ အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း) နှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၂၂(အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင် ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်)များ နှင့်အညီဝယ်ယူရန်ဖြစ်ကြောင်း၊ ရန်ပုံငွေလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနသည် ၁-၄-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇(မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ဆိုင်ရာစည်းမျဉ်း)အရ သက်ဆိုင်ရာဘဏ္ဍာရေးနှစ် မူလခွင့်ပြုငွေဘောင်အတွင်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းနှင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပိုလျှံနိုင်ဖွယ်ရှိသည့် ငွေစာရင်းခေါင်းစဉ်များမှ အထွေထွေပိုလျှံရန်ပုံငွေသို့ အပ်နှံပြီး ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အထွေထွေပိုလျှံရန်ပုံငွေမှ ပြန်လည်လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စက်ပစ္စည်းကြီးကြပ်မှုကော်မတီ

## ဘယ်လ်ဂျီယံနိုင်ငံနှင့်ဥရောပသမဂ္ဂတို့အကြား တရားရုံး၏ကြီးကြပ်မှုဖြင့်သင်္ဘောများရောင်းချခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခြင်း

ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် တရားရုံး၏ကြီးကြပ်မှုဖြင့် သင်္ဘောများရောင်းချခြင်းဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on the international Effects of Judicial Sale of Ships)ကို ၂၀၂၄ ခုနှစ် မတ်လ ၁၄ ရက်တွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

ထိုကွန်ဗင်းရှင်းကို နိုင်ငံတကာကုန်သွယ်မှုဥပဒေဆိုင်ရာကုလသမဂ္ဂကော်မရှင်(UNCITRAL)က ပြင်ဆင်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်မှာ နိုင်ငံတကာရေကြောင်းခရီးစဉ်များတွင်သင်္ဘောများကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာလုံခြုံမှုကို အာမခံပေးခြင်းအားဖြင့် သင်္ဘောသည် ဈေးကွက်တွင် ရရှိနိုင်သောဈေးနှုန်းနှင့်ငွေချေးသူများအကြားခွဲဝေရန် ရရှိနိုင်သောငွေကြေးများကို အများဆုံးရရှိစေရန်နှင့် နိုင်ငံတကာကုန်သွယ်ရေးကို မြှင့်တင်ရန်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ကွန်ဗင်းရှင်း အပိုဒ် ၁၈(၁)တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြင့် ဖွဲ့စည်းထားပြီး ကွန်ဗင်းရှင်းက ထိန်းချုပ်ထားသည့်ကိစ္စရပ်အချို့နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ရှိသည့်ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုအဖွဲ့အစည်းတစ်ခုက လက်မှတ်ရေးထိုးနိုင်သည်ဟုဖော်ပြထားရာ ယင်းအပိုဒ်အရ ဘယ်လ်ဂျီယံနိုင်ငံသည် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသည် ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသော ၁၈ နိုင်ငံမြောက်ဖြစ်ပါသည်။

ဤကွန်ဗင်းရှင်းကို နိုင်ငံများနှင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအဖွဲ့အစည်းများက လက်မှတ်ရေးထိုးရန်၊ အတည်ပြုရန်၊ ပါဝင်ရန် သို့မဟုတ် အတည်ပြုပါဝင်ခြင်းအတွက် လမ်းဖွင့်ထားဆဲဖြစ်ကြောင်းတွေ့ရှိရပြီး ၎င်းသည် တတိယအကြိမ်မြောက် အတည်ပြုခြင်း၊ လက်ခံခြင်း၊ ခွင့်ပြုခြင်း

သို့မဟုတ် ဝင်ရောက်ခွင့်ပြုခြင်းဆိုင်ရာလက်မှတ်များ တင်သွင်းသည့်နေ့မှစ၍ရက်ပေါင်း ၁၈၀အကြာတွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် စွန့်ပစ်သင်္ဘောများကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ၁၉၀၈ခုနှစ်ဆိပ်ကမ်းများအက်ဥပဒေ ၁၀(၁)အရသင်္ဘောများကို ဖယ်ရှားရှင်းလင်းခြင်း(ကမ်းထိုးခြင်း)၊ လုပ်ငန်းဆောင်ရွက်ပြီးရရန်ရှိသည့် အခွန်အခများနှင့် ကမ်းထိုးခြင်းအတွက် ကုန်ကျစရိတ်များကို တောင်းဆိုနိုင်မည်ဖြစ်ပြီး ပိုင်ရှင်က ပြန်လည်ဆက်သွယ်လာခြင်းမရှိလျှင် သင်္ဘောအလံတင်နိုင်ငံသို့အကြောင်းကြား၍ ကုန်ကျစရိတ်နှင့် အခွန်အခများကို ပြန်လည်ရရှိနိုင်ရေးအတွက် ယင်းအက်ဥပဒေပုဒ်မ ၁၁ အရ သင်္ဘောအားလေလံတင်ရောင်းချခြင်းကိုဆောင်ရွက်နိုင်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

<u>ကိုးကားချက်</u>

Belgium and the European Union sign the “Beijing Convention on the Judicial Sale of Ships” (unvienna.org)

၁၉၀၈ ဆိပ်ကမ်းများအက်ဥပဒေ

## ဆိုက်ဘာမှုခင်းများကျူးလွန်ရာတွင်ဉာဏ်ရည်တုနည်းပညာ AI အသုံးပြုခြင်းအပေါ် FBI သတိပေးချက်ထုတ်ပြန်ခြင်း

မူရင်းအသံ၊ ဗီဒီယိုနှင့်တထေရာတည်းတူအောင် ဖန်တီးထားသော AI အသုံးပြုထားသည့် ခေတ်မီဆန်းပြားသော နည်းပညာပြုလုပ်ချက်များဖြင့် ဆိုက်ဘာမှုခင်းများကို ကျူးလွန်မှုမြင့်တက်လာသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ လုပ်ငန်းများကဖြစ်စေ သတိပြုကြရန် FBI က မေလ ၈ ရက်နေ့၌ ဆန်ဖရန်စစ္စကို Moscone Center တွင်ကျင်းပသော RSA (Rivest, Shamir, Adleman: the inventors of the popular RSA Algorithm) ဆိုက်ဘာလုံခြုံရေးညီလာခံတွင် ကြေညာခဲ့ပါသည်။

AI နည်းပညာက ဆိုက်ဘာတိုက်ခိုက်သူများ၏ ဆိုက်ဘာတိုက်ခိုက်ရာတွင် လျင်မြန်မှု၊ ကျွမ်းကျင်မှုနှင့် စက်ကိရိယာအသုံးပြုမှုစွမ်းရည်တို့ကို ကြီးထွားစေရန် အထောက်အကူဖြစ်စေကြောင်း၊ လူတစ်ဦးချင်းကိုဖြစ်စေ အဖွဲ့အစည်းများကိုဖြစ်စေ ယုံကြည်မှုအား အမြတ်ထုတ်ရန်၊ အရေးကြီးအချက်အလက်များကို လိမ်လည်ရယူရန် အထူးပြုလုပ်ထားချက်များရှိကြောင်း သိရသည်။

ထို့ပြင် AI အသုံးပြုလုပ်ထားသော အသံ၊ ဗီဒီယိုများဖြင့် မိသားစုဝင်များ၊ လုပ်ငန်းအတူလုပ်ကိုင်သူများကဲ့သို့ စိတ်ချယုံကြည်ရသူများ အယောင်ဆောင်၍ ဆိုက်ဘာမှုခင်းများတွင် အသုံးချကျူးလွန်မှုများမြင့်တက်လျက်ရှိကြောင်း၊ ယင်းသို့ AI ဖြင့် ဖန်တီးပြုလုပ်ထားသော ရုပ်၊ အသံများသည် မကြုံစဖူးအောင်ပင် သဘာဝကျလျက်ရှိပြီး လှည့်ဖြားခံရခြင်းနှင့် အန္တရာယ်ကျရောက်မည်ကို မသိသည့်ကျူးလွန်ခံရသူကို ထိရှလွယ်သော သတင်းအချက်အလက်ကို လမ်းလွဲစေခြင်း သို့မဟုတ် မမှန်မကန်သည့် လွှဲပြောင်းမှုများကို ခွင့်ပြုခြင်းတို့ဖြစ်စေပြီး ငွေကြေးဆုံးရှုံးမှုများ၊ နာမည် သို့မဟုတ် ဂုဏ်သတင်း ပျက်စီးခြင်း၊ ထိရှလွယ်သော အချက်အလက်တို့ကို အပေးအယူလုပ်ခြင်းတို့ ဖြစ်ပေါ်နေကြောင်းသိရသည်။

အရုပ်၊ အသံများကို AI နည်းပညာဖြင့် ဖန်တီး၍ ဆိုက်ဘာမှုခင်းများကို ကျူးလွန်ကြသူများက ကျူးလွန်မှုများကို လျော့ပါးသက်သာစေရန် လူပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ လုပ်ငန်းများကဖြစ်စေ ငွေကြေးသို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားများကို မေးမြန်းလာသော မက်ဆေ့များ ကိုရရှိပါက သတိပြုရန်၊ ကျူးလွန်ကြသူများက အယောင်ဆောင် အီးမေးများဖြင့် အချက်အလက်များ တောင်းခံမှုများကို လျော့ချနိုင်ရန်အတွက် နည်းပညာပေါင်းစုံဖြင့် ဖြေရှင်းရန် လိုအပ်ကြောင်း၊ အဖွဲ့အစည်း၊ လုပ်ငန်းများမှ ဝန်ထမ်းများကိုလည်း အယောင်ဆောင် အီးမေးများ၏ အန္တရာယ်နှင့် ဒစ်ဂျစ်တယ်ဆက်သွယ်ဆောင်ရွက်မှုများတွင် သတိထားရမည့်သတင်းအချက်အလက် သို့မဟုတ် ငွေကြေးဆိုင်ရာ လွှဲပြောင်းမှုများကို စစ်မှန်မှုရှိမရှိ စိစစ်အတည်ပြုရန် အရေးကြီးကြောင်း စသဖြင့် နည်းပညာဆိုင်ရာပညာပေးမှုများ ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့၏အကောင့်များ၊ စနစ်များတွင် ဆိုက်ဘာမှုခင်းများကို ကျူးလွန်မည့်သူများက တရားမဝင်လွယ်လင့်တကူ ဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက် လုံခြုံမှုအဆင့်တိုင်းတွင် ပုံမှန်ထက်ပိုသော နည်းလမ်းမျိုးစုံဖြင့်စစ်မှန်ကြောင်း စိစစ်ခြင်းကို ဆောင်ရွက်ရန် FBI က တိုက်တွန်းကြောင်း သိရှိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် ။ ။ https://www.fbi.gov/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

